
COVID-19 ပြည်သူ့ကျန်းမာရေးအရေးပေါ်ကာလ အဆုံးသတ်

# COVID-19 နှင့်ပတ်သတ်ပြီး အပြောင်းအလဲများ
# ကျန်းမာရေးအကျိုးခံစားခွင့်များ

**မေ 11, 2023** တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ်ကာလ ပြီးဆုံးပါမည်။ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများသည် ပြည်သူ့ကောင်းကျိုးအတွက် ကူညီထောက်ပံ့ရန်အတွက် အစိုးရအား ငွေကြေးသုံးစွဲရန်နှင့် အစီအစဉ်အသစ်များကို ဖော်ဆောင်ရန် ခွင့်ပြုသည်။



ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေသည် ပြီးဆုံးတော့မည်ဖြစ်သော်လည်း COVID-19 သည် အန္တရာယ်ရှိနေဆဲ ဖျားနာမှုတစ်ခုဖြစ်ပါသည်။

- အမေရိကန်တွင် လူအများသည် နေ့စဉ်နှင့်အမျှ သေဆုံးနေကြဆဲဖြစ်ပြီး ပြင်းထန်စွာဖျားနာနေကြပါသည်။
- COVID-19 သည် လူများကို အလုပ် သို့မဟုတ် ကျောင်းသို့သွားခြင်းအား တားဆီးခြင်းဖြင့် သင်နှင့် သင့်မိသားစု၏ လုပ်ရိုးလုပ်စဉ်များကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။

**COVID-19 စစ်ဆေးမှုများ၊ ကုသမှုများနှင့် ကာကွယ်ဆေးများအတွက် ပေးရနိုင်ပါသည်။**. ပြည်သူ့ကျန်းမာရေးအရေးပေါ်ကာလအတွင်းတွင် COVID-19 ကာကွယ်ဆေးများ၊ ကုသများနှင့် စစ်ဆေးမှုများသည် အခမဲ့ဖြစ်ခဲ့ပါသည်။ မေ 11 နောက်ပိုင်းမှစပြီး ဆေးကုသမှု၊ စစ်ဆေးမှုများနှင့် ကာကွယ်ဆေးများ၏ ကုန်ကျစရိတ်သည် သင်၏ ကျန်းမာရေးအာမခံပေါ်တွင် မူတည်ပါလိမ့်မည်။

**သင်သည် Medicaid ရှိလျှင် အကျုံးဝင်ကြောင်း နှစ်တိုင်း သက်သေပြရပါလိမ့်မည်။** ပြည်သူ့ကျန်းမာရေး အရေးပေါ်ကာလအတွင်းတွင် Medicaid ဖြင့် ကျန်းမာရေးအာမခံရှိခဲ့သူများကို နှစ်စဉ် အလိုအလျောက် အမည်ပြန်လည်တင်သွင်းပေးခဲ့ပါသည်။ မတ် 31 နောက်ပိုင်းတွင် လူများသည် ၎င်းတို့ အကျုံးဝင်ကြောင်းကို နှစ်တိုင်း သက်သေပြရန် လိုအပ်လာပါလိမ့်မည်။

**သင်သည် SNAP အသုံးပြုလျှင် အစားအသောက်အတွက် အစိုးရထံမှ လက်ခံရရှိသော ပိုက်ဆံနည်းနိုင်ပါသည်။** ပြည်သူ့ကျန်းမာရေးအရေးပေါ်ကာလအတွင်း အစိုးရမှ အမျိုးသားအာဟာရပံ့ပိုးမှု အစီအစဉ် (SNAP) အသုံးပြုသော မိသားစုများကို အစားအသောက်အတွက် အပိုငွေများကို ပေးခဲ့ပါသည်။ မိသားစုများအနေနှင့် မကြာမီအတွင်း အဆိုပါ အပိုငွေလက်ခံရရှိခြင်းပြီးဆုံးမည်ဖြစ်ပါသည်။

**ထို့ကြောင့် နောက်ဆုံးပေါ် COVID-19 ကာကွယ်ဆေးများကို မေ 11 မတိုင်မီ အခမဲ့ရရှိနေဆဲ ကာလအတွင်း အပြည့်ထိုးထားပါ။**

THE CENTER

*31 မတ် 2023*

**For more information: cdc.gov/coronavirus**

# PHE ကာလမတိုင်ခင်နှင့် ပြီးနောက်တွင် သင့်ကိုယ်သင်နှင့် သင့်အသိုင်းအဝိုင်းကို ကာကွယ်ရန် သင်လိုက်နာနိုင်သော အဆင့်များရှိပါသည်။

## Medicaid ရှိလျှင်

- သင်၏ Medicaid အကျိုးခံစားခွင့်များကို စီမံသည့် အေးဂျင့်ပွဲစားကို သင်၏ လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်အပါအဝင် နောက်ဆုံးရထားသည့် ဆက်သွယ်ရန် အချက်အလက်များကို ပေးထားပါ။
- သင်၏ Medicaid အကျိုးခံစားခွင့်များနှင့် ပတ်သတ်ပြီးလက်ခံရရှိသော စာများကို သေချာဂရုစိုက်ဖတ်ပါ။ အကြောင်းကြားစာတစ်စောင် လက်ခံရရှိပါက ချက်ချင်းတုံ့ပြန်ပါ။

## နောက်ဆုံးပေါ် COVID-19 ကာကွယ်ဆေးများကို မေ 11 မတိုင်မီ အခမဲ့ရရှိနေဆဲ ကာလအတွင်း အပြည့်ထိုးထားပါ။

- နောက်ဆုံးပေါ်ကာကွယ်ဆေး အပြည့်ထိုးခြင်းဆိုသည်မှာ နှစ်လုံးထိုးရသော ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးပြီးနောက် ထပ်ဆောင်း (booster) ထိုးဆေးများအားလုံး ထိုးထားပြီးခြင်းကို ဆိုလိုပါသည်။
- နောက်ဆုံးပေါ်ကာကွယ်ဆေးအပြည့်မထိုးပါက သင်သည် COVID-19 ကူးစက်ခံရနိုင်ခြေပိုများပြီး အပြင်းအထန်ဖျားနာကာ အသက်ဆုံးရှုံးရနိုင်ပါသည်။
- မေ 11 နောက်ပိုင်းတွင်လည်း နောက်ဆုံးပေါ် COVID-19 ကာကွယ်ဆေးကို အပြည့်ထိုးထားဖို့ အရေးကြီးပါသည်။ အခမဲ့ သို့မဟုတ် စရိတ်လျော့ချဝန်ဆောင်မှုများပေးသော ပြည်သူ့ကျန်းမာရေးဆေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများကို ရှာပါ။
- **vaccines.gov**တွင် ကာကွယ်ဆေးကို ရှာပါ။

## အိမ်တွင် (at-home COVID-19) စစ်ဆေးမှုများကို မေ 11 မတိုင်မီ ဖြည့်ထားပါ။


- အစိုးရမှပေးသော အခမဲ့ COVID-19 စစ်ဆေးမှုများကို မေ 11 မတိုင်မီ မှာယူထားပါ။ တစ်လလျှင် အိမ်ထောင်တစ်စုအတွက် စစ်ဆေးမှုလေးကြိမ် အခမဲ့ပြုလုပ်နိုင်သည်။ စစ်ဆေးမှုကို အွန်လိုင်းမှ **covidtests.gov** တွင် မှာကြားပါ၊ သို့မဟုတ် 1-800-232-0233 သို့ခေါ်ဆိုပြီး ဘာသာစကားပေါင်း 150 မှ သင့်လျော်သည့် ဘာသာစကားဖြင့် မှာကြားပါ။
- သင့်တွင် Medicaid ပါဝင်သော ကျန်းမာရေးအာမခံရှိလျှင် အခမဲ့ COVID-19 စစ်ဆေးမှုများကို ဆေးဆိုင်များတွင် မေ 11 အထိ ရနိုင်ပါသည်။ ဆေးဆိုင်သွားပြီး သင့်အာမခံကဒ်ကို ပြသကာ သင့်အာမခံတွင် အကျုံးဝင်သော COVID-19 စစ်ဆေးမှုကို ရယူပါ။

## အစားအသောက်ဖိုးပေးရန် အကူအညီလိုနေသူများအတွက် ရွေးချယ်စရာများစွာ ရှိပါသည်။


- **foodfinder.us** သင်၏ ဇစ်ကုဒ်ကို ထည့်သွင်းပြီး သင့်ဒေသတွင်းရှိ အစားအသောက်ဘဏ်ကို ဆက်သွယ်ပါ။
- ပြည်နယ်အချို့တွင် SNAP ခံစားခွင့်ဖြင့် လတ်ဆတ်သော အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုဝယ်ယူခွင့်ပေးသော အစီအစဉ်များ ရှိပါသည်။ အသေးစိတ်ကို **doubleupamerica.org** တွင် လေ့လာပါ။
- သင့်ကလေး၏ကျောင်းတွင် အခမဲ့အစားအစာနှင့် လျော့ဈေးနှင့်ရသော အစားအစာများ ရနိုင်သလား မေးပါ။
- အစားအသောက်ရနိုင်သော နေရာများအတွက် 2-1-1 သို့မဟုတ် 1-866-3-HUNGRY ကိုခေါ်ပါ။ သို့မဟုတ် သင်၏ ပြန်လည်နေရာချထားရေးမန်နေဂျာကို မေးပါ။



ကာကွယ်ဆေးရှာပါ




စစ်ဆေးမှုများ မှာယူပါ



အစားအသောက်ဘဏ် ရှာပါ

မေ 11 နောက်ပိုင်းတွင် COVID-19 ကြောင့် ဖျားနာပါက ကုသဖို့ မနှောင့်နှေးပါနှင့်။ ဆေးကုသမှုကုန်ကျစရိတ်ပေးရမည်ဆိုသော်လည်း အကယ်၍သင်သည် ဆေးမကုဘဲ ကြာရှည်ထားပြီး ဆေးရုံတက်ကုသရန်လိုအပ်ပါက ထိုကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစရိတ်မှာ ပိုမိုများပါလိမ့်မည်။

THECENTER

31 မတ် 2023

For more information: cdc.gov/coronavirus